# ရှမ်းလူမှုအသိုင်းအဝိုင်း အခြေပြု အဖွဲ့အစည်းများ၏ စုပေါင်း သတင်းထုတ်ပြန်ကြေညာချက်
# (၂၀၁၁ ခုနှစ် ဧပြီလ ၁၁ ရက်နေ့)

## မြန်မာစစ်အစိုးရက အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အား ချိုးဖေါက်၍ ရှမ်းပြည်မြောက်ပိုင်း ဒေသအတွင်း ပြည်သူလူထုအပေါ် ဖိနှိပ်ရက်စက် ညှဉ်းပမ်းသတ်ဖြတ်ကာ စစ်ရာဇဝတ်မှုများ ကျယ်ပြန့်စွာ ကျူးလွန်နေခြင်းအပေါ် ရှမ်းလူမှုအသိုင်းအဝိုင်း အခြေပြု အဖွဲ့အစည်းများမှ ကန့်ကွက်ရှုံ့ချလိုက်ခြင်း

မြန်မာစစ်အစိုးရ စစ်တပ်မှ ရှမ်းပြည်တပ်မတော်(မြောက်ပိုင်း)ကို စစ်ရေးအရ အလုံးအရင်းဖြင့် အင်အားသုံး ထိုးစစ်ဆင် တိုက်ခိုက်နေခြင်းများနှင့်အတူ၊ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများအား လက်နက်ကြီးများဖြင့်ပစ်ခတ်ခြင်း၊ အမျိုးသမီးများအား အုပ်စုလိုက် မုဒိမ်းကျင့်ခြင်း နှင့် အမျိုးသမီးများကို ဖမ်းဆီး၍ ပေါ်တာအဖြစ် စစ်ကြောင်းနှင့်အတူလိုက်ပါစေကာ အမြောက်စာအဖြစ် အစတေးခံစေခြင်း စသည်တို့ အပါအဝင် မြန်မာစစ်အစိုးရ၏ ရှမ်းပြည်သူလူထုအပေါ် ရက်စက် ယုတ်မာနေပုံများကို ရှမ်းလူမှုအသိုင်းအဝိုင်း အခြေပြု အဖွဲ့အစည်းများမှ ပြင်းထန်စွာ ကန့်ကွက်ရှုံ့ချကြောင်း ထုတ်ပြန်ကြေညာ လိုက်ပါသည်။

လက်ရှိ နိုင်ငံရေး လူမျိုးစုရေး ပြဿနာများအား တွေ့ဆုံဆွေးနွေး အဖြေရှာရေးနည်းလမ်းဖြင့် နိုင်ငံရေးအရ ငြိမ်းချမ်းစွာ ဖြေရှင်းကြရန် ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း)၏ အကြိမ်ကြိမ် တင်ပြ အဆိုပြုချက်များအား လျစ်လျူရှု၍ ၂၂ နှစ်တာ ကြာခဲ့ပြီးသော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို တမင်တကာ ချိုးဖေါက်ကာ မြန်မာစစ်အစိုးရ၏ စစ်တပ်သည် ၂၀၁၁ ခုနှစ် မတ်လ ၁၃ ရက်နေ့မှ စတင်၍ မိုင်းရှူးမြို့နယ်ဒေသ အတွင်းသို့ စစ်အင်အား ၃၅၀၀ ကျော်ပါဝင်သည့် တပ်ရင်း ၂၀ ကျော်ကို စေလွှတ် တိုက်ခိုက်လာခဲ့ပါသည်။ အဆိုပါနေ့ နောက်ပိုင်း သီတင်းပတ် ၃ ပတ်တာ ကာလ အတွင်း မြန်မာစစ်အစိုးရတပ်နှင့် ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း) အကြား တိုက်ပွဲ ကြီးငယ် အကြိမ်ပေါင်း ၆၅ ကြိမ်ခန့် ဖြစ်ပွားခဲ့ရပြီးဖြစ်ရာ ယနေ့ကာလတွင် တန့်ယန်း၊ ကျေးသီး၊ မိုင်းရယ်၊ သီပေါ၊ လားရှိုး၊ ကျောက်မဲ စသော အခြားမြို့နယ်များသို့တိုင် တိုက်ပွဲများ ကျယ်ပြန့်စွာ ပျံ့နှံ့ ဖြစ်ပွားနေပါသည်။

ဤစစ်ပဋိပက္ခ တိုက်ပွဲဖြစ်ပွားနေသည့် ဒေသတွင်းနေထိုင်ကြသည့် ပြည်သူလူထု တသိန်းကျော်တို့၏ အသက် အိုးအိမ် လုံခြုံမှုမှာ အလွန်စိုးရိမ်ဖွယ်ရာ အခြေအနေသို့ ဆိုက်ရောက်လျက်ရှိပါသည်။ အထူးသဖြင့် မြန်မာစစ်အစိုးရတပ်က ၁၂၀ မီလီမီတာ မော်တာ စသော လက်နက်ကြီးများကို အမြောက်အများ အသုံးပြု တိုက်ခိုက်နေခြင်း နှင့် လူနေထူထပ်သော ရွာများအား ရှောင်လွှဲခွဲခြားခြင်း မပြုဘဲ ရမ်းကားစွာပစ်ခတ်နေခြင်း၏ ဘေးအန္တရာယ်များကို ကြုံတွေ့နေကြရလျက် ရှိပါသည်။ ဥပမာအားဖြင့် မတ်လ ၁၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အစပျိုး တိုက်ပွဲတခုတွင် နမ့်လောင်းကျေးရွာရှိ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး ကျောင်းနှင့် ကျေးရွာတွင်းသို့ လက်နက်ကြီး ကျည်များ ကျရောက်ပေါက်ကွဲမှုကြောင့် ကိုရင် ၄ ပါး အသက်ဆုံးရှုံးခဲ့ရပြီး ရွာသား ၂ ဦး ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိခဲ့သည် ဟု သိရှိရပါသည်။

ရှမ်းပြည်တပ်မတော်အား ကူညီထောက်ပံ့သည်ဟူသော စွပ်စွဲချက်ဖြင့် ရွာသားများ မြန်မာစစ်အစိုးရ စစ်သားများ၏ ညှဉ်းပမ်းနှိပ်စက် ရိုက်နှက်ခြင်း ဖမ်းဆီးခြင်း သတ်ဖြတ်ခြင်း စသည့် ဘေးအန္တရာယ်များကို ကြုံတွေ့နေကြရသည်။ ထို့ပြင် ရွာသူအမျိုးသမီးများမှာ လည်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအန္တရာယ်ကို ရင်ဆိုင်နေကြရရာ နမ့်လောင်းကျေးရွာတွင် ကျေးရွာသူ အမျိုးသမီး ၃ ဦး မြန်မာစစ်အစိုးရ၏ စစ်သားများ၏ အုပ်စုလိုက် ဝိုင်းဝန်းမုဒိမ်းကျင့်ခြင်းကို ခံခဲ့ကြရကြောင်း သတင်းရရှိခဲ့ပါသည်။ ထိုသူများထဲတွင် ကလေးမီးဖွားပြီးခါစ အမျိုးသမီးတဦးပါဝင်ရာ ၄င်းအမျိုးသမီးသည် စစ်သားများ၏ အုပ်စုလိုက် မုဒိမ်းကျင့်သည့်ဒဏ်ကြောင့် သေဆုံးခဲ့ရသည် ဟု သိရှိရသည်။

ထို့ပြင် မြန်မာစစ်အစိုးရတပ်မှ စစ်သားများသည် ရွာများမှ ကျေးရွာသူ အမျိုးသမီးများအား ပေါ်တာအဖြစ် အစီအစဉ်တကျ ဖမ်းဆီးခေါ်ဆောင်သွားပြီး ရှမ်းပြည်တပ်မတော်(မြောက်ပိုင်း)မှ ၎င်းတို့အား မတိုက်ခိုက်နိုင်အောင် အမျိုးသမီးများကို စစ်ကြောင်း၏ ရှေ့မှ လျှောက်ခိုင်းနေကြောင်းကိုလည်း သိရှိရသည်။

ထိုကဲ့သို့သော မြန်မာစစ်အစိုးရတပ်၏ ညဉ်းပမ်းနှိပ်စက်ရိုက်နှက် ဖမ်းဆီးသတ်ဖြတ်မှု၊ မတရား လုယက်မှု စသည့် ဒဏ် အမျိုးမျိုးတို့ကြောင့် ရွာသူရွာသား ၃၀၀၀ ကျော်တို့မှာ ၎င်းတို့၏ အိုးအိမ်များကို စွန့်၍ ကျေးရွာများမှ အနီးရှိ တောနက်ကြီးများထဲသို့ လည်းကောင်း၊ မိုင်းရှူးအစရှိသည့် ပတ်ဝန်းကျင်မြို့များသို့လည်းကောင်း၊ ထိုင်းနယ်စပ်ဒေသများသို့ လည်းကောင်း ထွက်ပြေးသွားခဲ့ကြပြီး ဖြစ်သည် ဟု ခန့်မှန်းရသည်။

သို့ဖြစ်ပါ၍ ရှမ်းလူမှုအသိုင်းအဝိုင်းအခြေပြု အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းအား မြန်မာစစ်အစိုးရ စစ်တပ်၏ ရှမ်းပြည်တပ်မတော်(မြောက်ပိုင်း)အပေါ် ထိုးစစ်ဆင် တိုက်ခိုက်နေမှုများနှင့် ပတ်သက်၍ ဝိုင်းဝန်း ကန့်ကွက်ရှုံ့ချကြရန် အလေးအနက် တိုက်တွန်းလိုပါသည်။ ထို့အပြင် မြန်မာစစ်အစိုးရ စစ်တပ်က တိုင်းရင်းသားဒေသများရှိ ပြည်သူလူထုအပေါ် ကျင့်သုံး နေသည့် စစ်ရေးအရ ရန်ပြုနေသည့် မူဝါဒများ ချက်ချင်း ရပ်တန့်ရေး အတွက် နိုင်ငံတကာအသိုင်းအဝိုင်းက မြန်မာစစ်အစိုးရအား ဖိအားတိုး၍ ပေးရန် ကိုလည်း တောင်းဆိုအပ်ပါသည်။

*‘‘အခုဆိုရင် ရှမ်းပြည်မြောက်ပိုင်းဒေသ တခွင်မှာ စစ်ပွဲကြီး ဖြစ်ပွါးနေပြီး ကျနော်တို့ ရှမ်းပြည်သူပြည်သားတွေမှာ စစ်အစိုးရရဲ့ ဆိုးယုတ်မှု ဒဏ်တွေကို အသစ်တခါ ပြန်ခံစားနေရပြီး အတိဒုက္ခ အကြီးအကျယ် ထပ်ရောက်နေပါတယ်၊ ဒါကြောင့် ဒီအချိန်မှာ နိုင်ငံတကာက မြန်မာစစ်အစိုးရအပေါ် ထားရှိတဲ့ ပိတ်ဆို့အရေးယူမှုတွေကို ပြန်လည် ရုပ်သိမ်းဖို့ အချိန်လုံးဝ မဟုတ်ဘူး လို့ အခိုင်အမာ ပြောချင်ပါတယ်’’* ဟု ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှ ခမ်းဟန်ဖ မှ ထုတ်ဖေါ် ပြောကြားခဲ့ပါသည်။

ယခုကဲ့သို့ ရှမ်းပြည်အတွင်း စစ်ပဋိပက္ခ တစစ ပို၍ပြင်းထန်လာသည့် ကာလ၌ ထိုင်း–မြန်မာ နယ်စပ်တလျှောက်ရှိ စစ်ပြေးဒုက္ခသည် စခန်းများအား ထောက်ပံ့နေသည့် လူသားချင်းစာနာထောက်ထားမှု အကူအညီများအား ဖြတ်တောက်ခြင်း လျှော့ချခြင်းများ မပြုကြပါရန် ကိုလည်း မိမိတို့ ရှမ်းလူမှုအသိုင်းအဝိုင်းအခြေပြု အဖွဲ့အစည်းများမှ နိုင်ငံတကာ အလှူရှင် တိုင်းပြည်များ နှင့် အလှူရှင် အေဂျင်စီ အဖွဲ့အစည်းများအား အလေးအနက် ပန်ကြား တိုက်တွန်း တောင်းဆိုလိုပါသည်။

ရှမ်း ကျန်းမာရေး ကော်မတီ
ရှမ်း လူ့အခွင့်အရေး မဏ္ဍိုင်
ရှမ်း ကယ်ဆယ်ရေး နှင့် ဖွံ့ဖြိုးရေး ကော်မတီ
ရှမ်း သဘာဝ ပတ်ဝန်းကျင် အဖွဲ့
ရှမ်း အမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေး အသင်း
ရှမ်း လူငယ့်အားမာန် အဖွဲ့

မှတ်ချက်။ ။ တိုက်ပွဲဖြစ်ပွါးရာ ဒေသများ၊ လူ့အခွင့်အရေးကျူးလွန်ဖေါက်ဖျက်မှု ဖြစ်ပွါးရာ ဒေသများ၏ စာရင်းနှင့်မြေပုံ တို့ကို ပူးတွဲ စာမျက်နှာတွင် ဖတ်ရှုနိုင်ပါသည်။ ထို့ပြင် www.shanhumanrights.org အင်တာနက် ဝက်ဆိုဒ်၌လည်း တက်ရောက် ကြည့်ရှု နိုင်ပါသည်။

ဆက်သွယ်ရန်။ ။
စိုင်းနွံ၊ ဖုန်း + ၆၆ ၈၆ ၉၆၉ ၃၂၉၃
ယိင်းကော်တိုင်း + ၆၆ ၈၂ ၃၈၉ ၂၂၈၉
ယိင်းချမ်ဟွမ် + ၆၆ ၈၅ ၁၀၇ ၁၄၅၂